CONSTITUTIONAL TRIBUNAL

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## ပါရာဂွေးသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့အကြောင်း လေ့လာခြင်း

စာတမ်းပြုစုတင်ပြသူ

ဒေါ်အိအိစိုး
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံတကာဆက်ဆံရေးဌာနခွဲ

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပုံ | ၂-၄ |
| ၃။ | ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိကအချက်များ | ၄ |
| ၄။ | အာဏာခွဲဝေကျင့်သုံးခြင်း | ၄ |
| ၅။ | အုပ်ချုပ်ရေး | ၄-၅ |
| ၆။ | နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များ | ၅ |
| ၇။ | နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် အခြားအရာရှိကြီးများအား စွပ်စွဲပြစ်တင်ခြင်း | ၅-၆ |
| ၈။ | ဥပဒေပြုရေး | ၆-၇ |
| ၉။ | လွှတ်တော်၏လုပ်ပိုင်ခွင့်နှင့်တာဝန်များ | ၇-၈ |
| ၁၀။ | တရားစီရင်ရေး | ၈ |
| ၁၁။ | တရားလွှတ်တော်ချုပ် | ၉ |
| ၁၂။ | တရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အရည်အချင်း သတ်မှတ်ချက်များ | ၉-၁၀ |
| ၁၃။ | တရားလွှတ်တော်ချုပ်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၁၀ |
| ၁၄။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့ | ၁၀-၁၁ |
| ၁၅။ | စစ်ဘက်ဆိုင်ရာခုံရုံးများ | ၁၁ |
| ၁၆။ | တရားသူကြီးများကောင်စီ | ၁၁ |
| ၁၇။ | တရားသူကြီးများကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၁၂ |
| ၁၈။ | ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း | ၁၂ |
| ၁၉။ | နိဂုံး | ၁၂-၁၃ |
| ၂၀။ | ရည်ညွှန်းကိုးကားချက်များ | ၁၄ |

## ပါရာဂွေးသမ္မတနိုင်ငံ

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့အကြောင်းလေ့လာတင်ပြခြင်း

**နိဒါန်း**

၁။ ပါရာဂွေးသမ္မတနိုင်ငံသည် တောင်အမေရိကတွင်ရှိသော ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ တောင်ဘက်နှင့် အနောက်တောင်ဘက်တွင် အာဂျင်တီးနားနိုင်ငံ၊ အရှေ့ဘက်နှင့်အရှေ့မြောက်ဘက်တွင် ဘရာဇီးနိုင်ငံ၊ အနောက်မြောက်ဘက်တွင် ဘိုလီးဗီးယားနိုင်ငံတို့ဖြင့် ဝန်းရံလျက်ရှိပါသည်။ ပါရာဂွေးမြစ်သည် နိုင်ငံ၏အလယ်ပိုင်းတွင် မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ နိုင်ငံ၏အကျယ်အဝန်းမှာ ဧရိယာစတုရန်းကီလိုမီတာ ၄၀၆၇၅၂ခန့်ကျယ်ဝန်းပြီး လူဦးရေ ၆.၇၀၄ သန်းခန့်ရှိပါသည်။ ပါရာဂွေးသမ္မတနိုင်ငံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ သုံးပုံ နှစ်ပုံ ခန့်သာရှိပါသည်။ မြို့တော်နှင့်အကြီးဆုံးမြို့မှာ အာဆွန်စီယွန် (Asuncion) မြို့ဖြစ်ပါသည်။

၂။ ရုံးသုံးဘာသာစကားများမှာ ကတ်စတေးလီယမ်ဘာသာ (Castilian) ခေါ် စပိန်ဘာသာနှင့် ဂွာရာနီဘာသာ (Guarani) စကားတို့ဖြစ်ကြပြီး တစ်နိုင်ငံလုံးတွင် ထိုဘာသာနှစ်မျိုးစလုံးကို ကျယ်ပြန့်စွာ အသုံးပြုကြပါသည်။ ကိုးကွယ်သည့်ဘာသာမှာRoman Catholic ဘာသာဖြစ်ပါသည်။ လူဦးရေအများစုမှာ ဥရောပနှင့် တိုင်းရင်းသားသွေးနှောသူများဖြစ်ကြသည်။

၃။ ၁၆ ရာစု ဥရောပသားတို့ မရောက်မီကတည်းကပင် ဂွာရာနီတို့သည် ပါရာဂွေးတွင်နေထိုင်လျက်ရှိကြပြီး နောက်တွင် ပါရာဂွေးသည် စပိန်ကိုလိုနီအင်ပိုင်ယာ၏ တစိတ်တဒေသဖြစ်လာသည်။ ပါရာဂွေးသည် ၁၈၁၁ ခုနှစ်တွင် စပိန်ထံမှ လွတ်လပ်ရေးရခဲ့သည်။




**ပါရာဂွေးနိုင်ငံ၏ တည်နေရာမြေပုံ**

**ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပုံ**

၄။ ပါရာဂွေးနိုင်ငံသည် ၁၅၂၇ ခုနှစ်တွင် ဥရောပလူမျိုးများ အခြေမချမီ ဂါရာနီ လူမျိုးများ နေထိုင်ရာဒေသဖြစ်ခဲ့ပါသည်။ စပိန်နိုင်ငံသည် အာဂျင်တီးနား၊ ဥရုဂွေး၊ ချီလီ၊ Brazil နှင့် Bolivia တို့နှင့်အတူ နယ်ချဲ့ခဲ့သည့်အတွက် ပါရာဂွေးနိုင်ငံသည် ၁၅၄၂ ခုနှစ်တွင် ပီရူး၏ စပိန်ဒုတိယဘုရင်ခံအောက်၌ စီရင်စုတစ်စုဖြစ်လာခဲ့သည်။ ၁၅၈၈ ခုနှစ်တွင် ဒေသခံပြည်သူများကို ပြောင်းလဲသင်ကြားပေးရန်အတွက် စေလွှတ်ခြင်းခံခဲ့ရသည့် ဘရင် ဂျီဘာသာရေးဂိုဏ်းဝင် သာသနာပြုအဖွဲ့များကို ၁၇၆၇ ခုနှစ်တွင် နှင်ထုတ်ခဲ့သည်။ စပိန် နိုင်ငံကို နပိုလီယံအောင်နိုင်ပြီးနောက် ၁၈၁၀ ခုနှစ်တွင် ဗျူနော့စ်အေရီးစ်ဒေသရှိ စပိန် ဘုရင်ခံကို ဖြုတ်ပစ်ခဲ့သည်။ သို့သော် ပါရာဂွေးနိုင်ငံအပေါ် အာဏာသက်ရောက်မှုရှိရန် ဗျူနော့စ်အေရီးစ်ဒေသမှ ကြိုးပမ်းမှုမှာ ကျရှုံးခဲ့သည်။ ၁၈၁၁ ခုနှစ်၊ မေလ (၁၄) ရက်နေ့ တွင် ပါရာဂွေးနိုင်ငံရှိ စပိန်အုပ်ချုပ်ရေးကို ဖျက်သိမ်းခဲ့ပြီး လွတ်လပ်ရေးကြေညာခဲ့သည်။

၅။ ၁၈၁၃ ခုနှစ်တွင် လက်တင်အမေရိကတွင် ပထမဆုံးအထွေထွေညီလာခံကို ကျင်းပခဲ့သည်။ အရွယ်ရောက်သောအမျိုးသားများမဲပေးပိုင်ခွင့်ဖြင့် ကိုယ်စားလှယ် (၁၀၀၀) ကျော်ကို ရွေးကောက်တင်မြှောက်ခဲ့သည်။ ညီလာခံမှ ပါရာဂွေးသမ္မတနိုင်ငံကို ကြေညာခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစိုးရစည်းမျဉ်းများ (Constitutional Governmental Regulations) ဖြစ်သော ပါရာဂွေးနိုင်ငံ၏ အမြင့်ဆုံးဥပဒေ (Supreme Laws) အရ Jose Gaspar Rodriguez de Francia and Fulgencio Yegros တို့အား ကောင်စစ်ဝန် (အလုပ်အမှုဆောင်) နှစ်ဦးအဖြစ် ခန့်အပ်ခဲ့သည်။ ၎င်းတို့နှစ်ဦးအား ဗိုလ်မှူး ချုပ်ရာထူးပေးအပ်ခဲ့ပြီး လက်နက်ကိုင်တပ်ဖွဲ့နှင့် လက်နက်ခဲယမ်းများကို အညီအမျှ ခွဲဝေ ထောက်ပံ့ပေးကာ နိုင်ငံကိုဦးဆောင်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစိုးရ စည်းမျဉ်းများ ပြဋ္ဌာန်းပြီး (၁၀) နှစ်အကြာအတွင် Fulgencio Yegros နှင့် ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ်များကို ဖယ်ရှားခဲ့ပြီးနောက် Jose Gasper Rodriguezde Francia က ၁၈၄၀ ခုနှစ်အထိ အုပ်ချုပ်ခဲ့ပါသည်။

၆။ ၁၈၄၁ ခုနှစ်တွင် Carlos Antonio Lopez သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစိုးရစည်းမျဉ်းများကို ပြင်ဆင်ခဲ့သည်။ (၃) နှစ်ကြာပြီးနောက် ၁၈၄၄ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ် ပြဋ္ဌာန်းခဲ့ပြီး Carlos Antonio Lopez သမ္မတဖြစ်လာခဲ့သည်။ ထို့နောက် ၁၈၆၂ ခုနှစ်တွင် Solano Lopez သည် ဖခင်အရိုက်အရာကို ဆက်ခံပြီး အာဂျင်တီးနား၊ ဘရာဇီးလ် နှင့် ဥရုဂွေးနိုင်ငံများနှင့် ပြင်းထန်သော စစ်ပွဲဆင်နွှဲခဲ့သည်။ ထိုစစ်ပွဲကြောင့် နိုင်ငံ၏လူဦးရေ၏ ထက်ဝက်ကျော်ဖြစ်သော ၅ သိန်းခန့်မှာ သေကျေခဲ့ပြီး

နယ်မြေအမြောက်အမြား ဆုံးရှုံးခဲ့သည်။ ၁၈၇၀ ပြည့်နှစ်တွင် Solano သေဆုံးခဲ့ပြီး ထိုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်က အုပ်ချုပ်ရေးအကြီးအကဲထံတွင် အာဏာများစွာ ပေးအပ်ထားပြီး အာဏာခွဲဝေခြင်းနှင့် အချုပ်အခြာအာဏာအပေါ် အခြေတည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကို ပြဋ္ဌာန်းခဲ့သည်။

၇။ ပါရာဂွေးနိုင်ငံတွင် ၁၈၇၀ ပြည့်နှစ်နှင့် ၁၉၅၄ ခုနှစ်အတွင်း သမ္မတပေါင်း ၄၄ ဦး တာဝန်ထမ်းဆောင်ခဲ့သည်။ အများစုသည် ဖွဲ့စည်းပုံအခြေခံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှုတ်ထွက်ခဲ့ခြင်းက ပိုများသည်။ ၁၉၄၀ ပြည့်နှစ်တွင် သမ္မတ Jose Felix Estigarribia က ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ခုကို ထုတ်ပြန်ကြေညာခဲ့သည်။ Alfredo Stroessner သည် ၁၉၅၄ ခုနှစ်တွင် အာဏာသိမ်း၍ ပါရာဂွေးနိုင်ငံ၌ အာဏာရရှိလာခဲ့သည်။ ခေတ်သစ်တောင်အမေရိက၏ စံနမူနာပြအာဏာရှင်ပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့သည်။ (၅) နှစ်သက်တမ်း (၂) ကြိမ်ထက်ပိုပြီး သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခံရန်အတွက် သမ္မတအရည်အချင်းများကို ထပ်မံဖြည့်စွက်ခဲ့ပြီး Stroessner သည် ၁၉၄၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၇ ခုနှစ်တွင် ပြန်လည်ရေးသားပြင်ဆင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး Andres Rodriguez ခေါင်းဆောင်သော စစ်တပ်က Stroessner ကို ရာထူးမှထုတ်ပယ်ခဲ့ပြီး ပြည်နှင်ဒဏ်ပေးခဲ့သည်။

၈။ ၁၉၈၉ ခုနှစ်တွင် အာဏာရပါတီပြိုကွဲပြီးနောက် ဒီမိုကရက်တစ်အုပ်စုတစ်စုကို တည်ထောင်ခဲ့ပြီး ဒီမိုကရေစီကိုအခြေခံသော ပြုပြင်ပြောင်းလဲမှုများကို ဦးတည်ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့တွင် စစ်မှန်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဒီမိုကရေစီစနစ်ကို တည်ဆောက်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ခုကို ပြဋ္ဌာန်းခဲ့သည်။ ထို့နောက် ၁၉၉၃ ခုနှစ်တွင် ဒီမိုကရေစီစနစ်ကို ဆန့်ကျင်သောသမ္မတကို ဖမ်းဆီးထားခဲ့သည်။ သို့သော် ၁၉၉၉ ခုနှစ်၊ မတ်လတွင် ဒုတိယသမ္မတသည် သမ္မတ Raul Cubas ကို ရာထူးမှနှုတ်ထွက်ရန်နှင့် ပါရာဂွေးနိုင်ငံ အစိုးရ၏တည်ငြိမ်မှုကို မေးခွန်းထုတ်သောကြောင့် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။ အစိုးရ၌ သမ္မတဦးဆောင်မှုအပါအဝင် ရာသီဥတုကပ်ဘေးများရှိခဲ့သော်လည်း နိုင်ငံအနေဖြင့် Stroessner ထုတ်ပယ်ခံခဲ့ရချိန်ကတည်းက လွတ်လပ်မျှတသောရွေးကောက်ပွဲများလည်း ကျင်းပနိုင်ခဲ့သည်။

၉။ ပါရာဂွေးနိုင်ငံ၏ ၁၉၉၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဘရာဇီးလ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကဲ့သို့ စီးပွားရေးဆိုင်ရာ အချက်အလက်နှင့် စီးပွားရေးစနစ်များပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပိုဒ်ပေါင်း ၂၉၁ ခုပါဝင်သည်။ သမ္မတဟောင်းများကို အထက်လွှတ်တော်ကိုယ်စားလှယ်များ

အဖြစ် ရာသက်ပန်ခန့်အပ်ထားခြင်းသည် ချီလီနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ဆင်တူသည်။

၁၀။ ပါရာဂွေးနိုင်ငံသည် တစ်ပြည်ထောင်နိုင်ငံတစ်နိုင်ငံ (Unitary State) အဖြစ် ဖွဲ့စည်းတည်ထောင်ထားပါသည်။ သမ္မတစနစ်ကို ကျင့်သုံးပြီး နိုင်ငံ၏ ဥပဒေစနစ်မှာ Civil Law System ဖြစ်ပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိကအချက်များ**

၁၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁ တွင် ပါရာဂွေးနိုင်ငံသည် အမြဲတမ်းလွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံကို စည်းလုံးညီညွတ်ပြီး ခွဲခြား၍မရနိုင်ဘဲ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော နိုင်ငံတစ်နိုင်ငံအဖြစ် ဖွဲ့စည်းထားကြောင်း၊ အစိုးရစနစ်သည် ကိုယ်စားပြုပါဝင်ဆောင်ရွက်သော လူအများစုပါဝင်နိုင်သည့် ဒီမိုကရေစီနိုင်ငံဖြစ်ပြီး လူ့ဂုဏ်သိက္ခာကို အသိအမှတ်ပြု အခြေခံတည်ဆောက်ထားကြောင်း ပြဋ္ဌာန်းထားသည်။ အပိုဒ် ၃ တွင် "ပြည်သူများသည် ၎င်းတို့၏အာဏာကို မဲဆန္ဒပေးခြင်းမှတစ်ဆင့် ကျင့်သုံးကြောင်းနှင့် အာဏာရှင်စနစ်ကို ဆန့်ကျင်ကြောင်း" ပြဋ္ဌာန်းထားသည်။ အပိုဒ် ၁၃၇ တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏ အမြင့်ဆုံးဥပဒေဖြစ်ကြောင်း" ပြဋ္ဌာန်းထားသည်။

**အာဏာခွဲဝေကျင့်သုံးခြင်း**

၁၂။ ပါရာဂွေးနိုင်ငံသည် သမ္မတဦးဆောင်သောစနစ်ကိုကျင့်သုံးပြီး သမ္မတနှင့် ဝန်ကြီးများကောင်စီ (ဝန်ကြီးအဖွဲ့)၊ လွှတ်တော် (၂) ရပ်ပါဝင်သော ဥပဒေပြုရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့ ပါဝင်သော တရားစီရင်ရေးတို့ဖြင့် ဖွဲ့စည်းထားသော သမ္မတနိုင်ငံဖြစ်သည်။

၁၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃ တွင် "ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို ပိုင်းခြားကျင့်သုံးပြီး အပြန်အလှန်ထိန်းကျောင်းလျက် ညှိနှိုင်းဆောင်ရွက်ခြင်းပြုသည်"ဟု ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၈၁ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ "တိုင်းပြုပြည်ပြုလွှတ်တော်သည် အစိုးရကဏ္ဍများမှ လွတ်လပ်သည်"ဟု ပြဋ္ဌာန်းထားသည်။

**အုပ်ချုပ်ရေး**

၁၄။ **နိုင်ငံတော်သမ္မတ**။ ။ "နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်သည်" ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၂၆ တွင် ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်သမ္မတသည် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက ဒုတိယသမ္မတက နိုင်ငံတော်သမ္မတအာဏာများကို ဆောလျင်စွာ

ရယူဆောင်ရွက်ရသည်။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံရန် မွေးရာပါ ပါရာငွေး နိုင်ငံသားဖြစ်ပြီး အနည်းဆုံးအသက် ၃၀ နှစ်ပြည့်ရမည့်အပြင် နိုင်ငံသားနှင့်နိုင်ငံရေး ဆိုင်ရာ အခွင့်အရေးများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသူများဖြစ်ရမည်။ အစိုးရအဖွဲ့ဝင် ဝန်ကြီး၊ တရားသူကြီး၊ ဘာသာရေးအကြီးအကဲ၊ ရဲတပ်ဖွဲ့နှင့် တပ်မတော်တွင် လက်ရှိ တာဝန်ထမ်းဆောင်နေသူများသည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်ခံပိုင်ခွင့်မရှိပေ။ သမ္မတနှင့် ဒုတိယသမ္မတတို့၏ သက်တမ်းသည် ၅ နှစ်ဖြစ်ပြီး ထပ်မံရွေးချယ်ခံပိုင်ခွင့်မရှိပေ။ ဒုတိယသမ္မတသည် နောင်သက်တမ်းအတွက် သမ္မတ အဖြစ် ရွေးချယ်ခံမည်ဆိုပါက အထွေထွေရွေးကောက်ပွဲမတိုင်မီ ၆ လအကြာတွင် ရာထူးမှ နုတ်ထွက်ရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတအဖြစ် ၁၂ လထက်ပို၍ တာဝန်ထမ်းဆောင် ခဲ့သူသည် ဒုတိယသမ္မတအဖြစ် ထပ်မံရွေးချယ်တင်မြှောက်ခံပိုင်ခွင့်မရှိပေ။

## နိုင်ငံတော်သမ္မတ၏လုပ်ပိုင်ခွင့်နှင့်တာဝန်များ

၁၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၃၈ တွင် နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည်မှာ သမ္မတသည် နိုင်ငံကို ကိုယ်စားပြုခြင်း၊ အထွေထွေအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို စီမံဆောင်ရွက်ရခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ဥပဒေများကို အတည်ပြုပြဋ္ဌာန်းပေးခြင်း၊ ဥပဒေများထုတ်ပြန်ခြင်း၊ လွှတ်တော်က အတည်ပြုပြီးသည့် ဥပဒေများကို ဗီတိုအာဏာသုံး၍ ပယ်ချခြင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီး များနှင့် အခြားအရာရှိကြီးများကို ခန့်အပ်ခြင်းနှင့် ရာထူးမှ ထုတ်ပယ်ခြင်း၊ လွှတ်တော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ခြင်း၊ နိုင်ငံတော်၏ အမျိုးသားကာကွယ်ရေးကိုကြေညာခြင်း စသည်တို့ဖြစ်သည်။ နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်နှင့် နိုင်ငံ၏အခြေအနေကို လွှတ်တော်သို့ အစီရင်ခံခြင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ဆောင်ရွက်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း သို့မဟုတ် ပြစ်ဒဏ်လျှော့ပေါ့ပေးခြင်း၊ လွှတ်တော်အထူးအစည်းအဝေးခေါ်ယူခြင်းနှင့် ဥပဒေကြမ်းများကို အဆိုပြုတင်သွင်းခြင်းတို့ဖြစ်သည်။

## နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် အခြားအရာရှိကြီးများအား စွပ်စွဲပြစ်တင်ခြင်း

၁၆။ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် အခြားအရာရှိကြီးများကို လုပ်ငန်းတွင် တမင်မှားယွင်းဆောင်ရွက်ခြင်းနှင့် ပြစ်မှုကျူးလွန်ခြင်းတို့အတွက် လွှတ်တော်ကိုယ်စား လှယ် ၃ ပုံ ၂ ပုံ ၏ သဘောတူညီချက်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်။ စွပ်စွဲပြစ်တင်ခြင်းအပေါ် ပြစ်မှုထင်ရှားစီရင်ရန်အတွက် အထက်လွှတ်တော်ကိုယ်စားလှယ် ၃ ပုံ ၂ ပုံ ၏ သဘော တူညီချက်ရရှိရန်လိုအပ်သည်။ "သမ္မတ၊ ဒုတိယသမ္မတ၊ အစိုးရအဖွဲ့ဝန်ကြီး၊ တပ်မတော် အကြီးအကဲတို့သည် အာဏာသိမ်းခြင်း၊ လက်နက်ကိုင်တော်လှန်ခြင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားသည့်ဥပဒေများကို ချိုးဖောက်ခြင်းတို့ ဖြစ်ပေါ်လာပါက ယင်းတို့

အပေါ် တရားမနှင့် ပြစ်မှုကြောင်းဆိုင်ရာ တာဝန်ရှိမှုများကို မထိခိုက်စေဘဲ အခြေခံဥပဒေပါ သက်တမ်းနှစ်ကြိမ်ဆက်တိုက် တာဝန်ထမ်းဆောင်ခြင်းမပြုနိုင်ကြောင်း” အပိုဒ် ၂၃၆ တွင် ပြဋ္ဌာန်းထားသည်။

၁၇။ **အစိုးရအဖွဲ့**။ “အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ၎င်းတို့၏ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် အုပ်ချုပ်ရေးအကြီးအကဲများဖြစ်ကြပြီး သမ္မတ၏ဦးဆောင်မှုဖြင့် ၎င်းတို့၏ဆောင်ရွက်ပိုင်ခွင့်အတွင်းရှိသော ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် မူဝါဒများကို ချမှတ်၍အကောင်အထည်ဖော်ဆောင်ရွက်သည်” ဟု အပိုဒ် ၂၄၂ တွင် ပြဋ္ဌာန်းထားသည်။ အပိုဒ် ၂၄၃ အရ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရန်၊ အစိုးရမူဝါဒများချမှတ်ရန်နှင့် စုပေါင်းဆုံးဖြတ်ချက်ချမှတ်ရန်အတွက် နိုင်ငံတော်သမ္မတက ဝန်ကြီးများကို အစည်းအဝေး ခေါ်ယူနိုင်သည်။

## ဥပဒေပြုရေး

၁၈။ **လွှတ်တော်**။ ပါရာဂွေးနိုင်ငံသည် Civil Law System စနစ်ကို ကျင့်သုံးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၈၂ အရ အထက်လွှတ်တော် (Chamber of Senators) နှင့် အောက်လွှတ်တော် (Chamber of Deputies) တို့ပါဝင်သည့် ဥပဒေပြုလွှတ်တော် (Congress) က ဥပဒေပြုရေးအာဏာကို ကျင့်သုံးဆောင်ရွက်သည်။

၁၉။ **အထက်လွှတ်တော်**။ အထက်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦးရှိသည်။ အထက်လွှတ်တော်ကိုယ်စားလှယ် အဖြစ်ရွေးချယ်ခံရန် မွေးရာပါ ပါရာဂွေး နိုင်ငံသားဖြစ်သူ၊ ၃၅ နှစ်ပြည့်ပြီးသူဖြစ်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၈၉ အရ နိုင်ငံရေးဆိုင်ရာပြစ်မှုဖြင့် စစ်ဆေးခံရခြင်း သို့မဟုတ် ပြစ်မှုထင်ရှားစီရင်ခံခဲ့ရခြင်းမရှိခဲ့သော နိုင်ငံတော်သမ္မတဟောင်းများသည် ရာသက်ပန် အထက်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည်။ ၎င်းတို့သည် သဘောထားမှတ်ချက်ပေးနိုင်သော်လည်း ဆန္ဒမဲပေးပိုင်ခွင့်မရှိပေ။

၂၀။ **အောက်လွှတ်တော်**။ အောက်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ၈၀ ဦးရှိသည်။ အောက်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရန် မွေးရာပါ ပါရာဂွေး နိုင်ငံသားဖြစ်သူ၊ အနည်းဆုံး အသက် ၂၅ နှစ် ပြည့်ပြီးသူဖြစ်ရမည်။

၂၁။ လွှတ်တော်ကိုယ်စားလှယ်များ၏ သက်တမ်းသည် ၅ နှစ်ဖြစ်ပြီး ပြန်လည်ရွေးကောက်ခံပိုင်ခွင့်ရှိသည်။ သို့သော် တရားသူကြီးများ၊ ဝန်ကြီးများနှင့် ဘာသာရေးခေါင်းဆောင်များ၊ ရဲတပ်ဖွဲ့နှင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသူများ၊ ပြစ်ဒဏ်ကျခံနေရသူများ၊ အစိုးရတာဝန်ထမ်းဆောင်နေသူများသည် လွှတ်တော်ကိုယ်စားလှယ်

များအဖြစ် ရွေးချယ်ခံပိုင်ခွင့်မရှိချေ။ လွှတ်တော်ကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ ပြည်သူများက တိုက်ရိုက်ရွေးချယ်ခွင့်ရှိသည်။

၂၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၈၃ နှင့် ၁၈၅ တို့နှင့်အညီ လွှတ်တော် ၂ ရပ် ပူးတွဲအစည်းအဝေးကို ကျင်းပသည်။ အဆိုပါအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် တရားလွှတ်တော်ချုပ်တရားသူကြီးများ ကျမ်းသစ္စာကျိန်ဆိုရေး ဆောင်ရွက်ရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတအား သီးခြားအနေဖြင့် ခွင့်ပြုပေးထားသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခွင့်ပြုပေးရန် သို့မဟုတ် ငြင်းပယ်ရန်၊ နိုင်ငံခြားတပ်ဖွဲ့များအား နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုရန်နှင့် နိုင်ငံတော်ရှိတပ်ဖွဲ့များအား ပြည်ပသို့ ထွက်ခွာခွင့်ပြုရန်၊ အခြားနိုင်ငံများ၏ နိုင်ငံတော်အကြီးအကဲများကို လက်ခံရန်စသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်အာဏာရှိသည်။

## လွှတ်တော်၏လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၂၃။ လွှတ်တော်၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၂ တွင်ပြဋ္ဌာန်းထားသည်မှာ “ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများကိုလိုက်နာခြင်း၊ ကိုဓဥပဒေများနှင့် အခြားဥပဒေများကိုပြဋ္ဌာန်းခြင်း၊ နိုင်ငံတော်အတွင်းရှိ နယ်မြေဧရိယာများကို ခွဲဝေသတ်မှတ်ခြင်း၊ အခွန်ဥပဒေများပြဋ္ဌာန်းခြင်း၊ ဘဏ္ဍာငွေဥပဒေများကို အတည်ပြုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေများပြဋ္ဌာန်းခြင်း၊ အုပ်ချုပ်ရေးအဖွဲ့က လက်မှတ်ရေးထိုးပြီးသော စာချုပ်များ သို့မဟုတ် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များကို အတည်ပြုခြင်း”ဟူ၍ ဖြစ်ပါသည်။ လွှတ်တော်အသီးသီးသည် နိုင်ငံ၏ အကျိုးစီးပွားနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များအတွက် အစီရင်ခံစာတင်သွင်းရန် အခြားအစိုးရဌာနများထံသို့ တောင်းခံခြင်း၊ ဝန်ကြီးများနှင့် အုပ်ချုပ်ရေးအကြီးအကဲများအား ၎င်းတို့၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မေးခွန်းများမေးမြန်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၂၄။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ခြွင်းချက်အနေဖြင့် ပြဋ္ဌာန်းထားခြင်းမရှိလျှင် ပုဒ်မ ၂၀၃ အရ “အထက်လွှတ်တော် သို့မဟုတ် အောက်လွှတ်တော်တို့၏ ကိုယ်စားလှယ် တစ်ဦး၊ အုပ်ချုပ်ရေးအဖွဲ့၊ ပြည်သူများ သို့မဟုတ် တရားလွှတ်တော်ချုပ်တရားသူကြီး တို့က ဥပဒေတစ်ခုကို စတင်အဆိုပြုတင်သွင်းနိုင်သည်။ ဥပဒေကြမ်းတစ်ခုကို လွှတ်တော် ၂ ရပ်က အတည်ပြုရမည်ဖြစ်သည်။ ဥပဒေကြမ်းတစ်ခုကို နိုင်ငံတော်သမ္မတက ဗီတို အာဏာဖြင့် ပယ်ချခြင်းမပြုခဲ့လျှင် သို့မဟုတ် ဥပဒေကြမ်းတစ်ခုသည် အပိုဒ် ၁၀ ပိုဒ်ထက်နည်းလျှင် ၆ ရက်အတွင်း၊ အပိုဒ် ၁၁ ပိုဒ်မှ ၂၀ အပိုဒ်ကြားရှိလျှင် ၁၂ ရက်အတွင်း သို့မဟုတ် အပိုဒ် ၂၀ ထက်ပိုလျှင် ၃၀ ရက်အတွင်း စတင်တင်သွင်းသည့် လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့လျှင် အဆိုပါ ဥပဒေမူကြမ်းကို အတည်ပြုပြီးဖြစ်သည်ဟု မှတ်ယူရသည်။ ထို့နောက် ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းရသည်။ ဥပဒေကြမ်းတစ်ခုကို လွှတ်တော် တစ်ရပ်ရပ်က

ကန့်ကွက်လျှင် အဆိုပါ ဥပဒေကြမ်းကို စတင်တင်သွင်းသည့် လွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။ ၎င်းကို စတင်အဆိုပြုသည့် လွှတ်တော်က အများစုဆန္ဒမဲဖြင့် ထပ်မံအတည်ပြုရမည်။ ထို့နောက် ကန့်ကွက်သည့် လွှတ်တော်က အဆိုပါဥပဒေကြမ်းကို ၃ ပုံ ၂ ပုံ ဆန္ဒမဲဖြင့် ထပ်မံကန့်ကွက်နိုင်သည်။ ထိုကဲ့သို့ ကန့်ကွက်ခြင်းမရှိပါက ဥပဒေဖြစ်လာသည်။ အုပ်ချုပ်ရေးအဖွဲ့သည် အဆိုပြုသည့် ဥပဒေများကို တစ်စိတ်တစ်ပိုင်း သို့မဟုတ် တစ်ခုလုံးကို ဗီတိုအာဏာဖြင့် ပယ်ချနိုင်သည်။ အဆိုပါ ဗီတိုအာဏာကို လွှတ်တော် ၂ ရပ်၏ အများစုဆန္ဒမဲဖြင့် ပယ်ချနိုင်သည်။ အပိုဒ် ၂၁၃ အရ ဥပဒေတစ်ရပ် သည် တရားဝင်ထုတ်ပြန်ကြေညာမှသာလျှင် အတည်ဖြစ်သည်။

**တရားစီရင်ရေး**

၂၅။ တရားစီရင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပါရာဂွေးနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၂၊ အပိုင်း ၂၊ အပိုဒ် ၂၄၇ မှ ၂၆၅ အထိ ပြဋ္ဌာန်းထားပါသည်။

၂၆။ တရားစီရင်ရေးကဏ္ဍသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၄၇ တွင် ပြဋ္ဌာန်းထားသည်။ တရားစီရင်ရေးကဏ္ဍတွင် တရားလွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ စိစစ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာသက်ရောက်မှုကို အမိန့်ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ရသည်။ ထို့ပြင် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ရသည်။ တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ်၊ ခုံရုံးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာဥပဒေများအရ တည်ထောင်ထားသည့် တရားရုံးများအား အပ်နှင်းထားပါသည်။ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်ခွင့်ကို အာမခံပေးထားကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၄၈ တွင် ပြဋ္ဌာန်းထားသည်။ တရားသူကြီးများကို ရာထူးမှမဖယ်ရှားနိုင်ကြောင်းနှင့် တရားသူကြီးများကို ပေးအပ်ထားသော ကင်းလွတ်ခွင့်များကိုလည်း ပြဋ္ဌာန်းထားသည်။

၂၇။ တရားစီရင်ရေးတွင် အဆင့် (၃) ဆင့်ဖြင့် အမှုများကို ကြားနာစစ်ဆေးပါသည်-

(က) ပထမအဆင့်တွင် နိုင်ငံတစ်ဝန်း နယ်မြေတရားစီရင်ပိုင်ခွင့်များ ပိုင်းခြားထားပြီး ပြစ်မှုတရားရုံးများ၊ တရားမနှင့် Commercial တရားရုံးများ၊ အလုပ်သမားတရားရုံးများ၊ ကလေးသူငယ်နှင့် ဆယ်ကျော်သက်များအတွက် တရားရုံးများစသည်ဖြင့် ကြားနာစစ်ဆေးပါသည်၊

(ခ) ဒုတိယအဆင့်တွင် နယ်မြေတရားစီရင်ပိုင်ခွင့်များပိုင်းခြားထားပြီး အယူခံရုံးများဖြင့် ကြားနာစစ်ဆေးပါသည်။

(ဂ) တတိယအဆင့်တွင် နိုင်ငံ၏ အမြင့်ဆုံးတရားလွှတ်တော်ချုပ်ဖြစ်ပြီး မြို့တော်တွင် ရုံးစိုက်ပါသည်။

**တရားလွှတ်တော်ချုပ်**

၂၈။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၅၈ အရ တရားလွှတ်တော်ချုပ်တွင် အဖွဲ့ဝင် ၉ ဦးရှိသည်။ တရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို စစ်ဆေးရန် အဖွဲ့များ ဖွဲ့စည်းထားသည့်အနက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကို ကြားနာရန်အတွက် အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းထားသည်။ ဥက္ကဋ္ဌကို အဖွဲ့ဝင်များအနက်မှ ရွေးချယ်သည်။



**ပါရာဂွေးနိုင်ငံ တရားလွှတ်တော်ချုပ်တရားသူကြီးများ၏ပုံ**

**တရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အရည်အချင်းသတ်မှတ်ချက်များ**

၂၉။ တရားလွှတ်တော်ချုပ်တရားသူကြီးများသည် –

(က) ပါရာဂွေးနိုင်ငံသားဖြစ်ရမည်၊

(ခ) အသက် ၃၅ နှစ်ပြည့်ပြီးသူဖြစ်ရမည်၊

(ဂ) ဥပဒေပါရဂူဘွဲ့ရရှိသူ၊ ဂုဏ်သိက္ခာရှိသူအဖြစ် ဂုဏ်သတင်းကျော်ဇောသူတို့ ဖြစ်ရမည့်အပြင် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ၊ ရာဇဝတ်တရားသူကြီး၊ တက္ကသိုလ်တွင် ဥပဒေပညာသင်ကြားသူ စသည့်နယ်ပယ်များတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူများအနက်မှ ရွေးချယ်ရမည် ဖြစ်သည်။

၃၀။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၆၁ တွင် “တရားလွှတ်တော်ချုပ်တရားသူကြီးများကို နိုင်ငံရေးဆိုင်ရာပြစ်မှုဖြင့် စွပ်စွဲပြစ်တင်ခြင်းဖြင့်သာလျှင် ရာထူးမှ ဖယ်ရှားနိုင်

ကြောင်း” ပြဋ္ဌာန်းထားသည်။ အဆိုပါ တရားသူကြီးများသည် အသက် ၇၅ နှစ်ပြည့်လျှင် အငြိမ်းစားရယူရမည်ဖြစ်သည်။

**တရားလွှတ်တော်ချုပ်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၃၁။ အပိုဒ် ၂၅၉ အရ တရားလွှတ်တော်ချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ –

(က) “တရားစီရင်ရေးအဖွဲ့အားလုံးကို ကြီးကြပ်ခြင်း၊

(ခ) တရားစီရင်ရေးအဖွဲ့များ၏ ဥပဒေစည်းမျဉ်းများ ထုတ်ပြန်ခြင်း၊

(ဂ) နှစ်စဉ်အစီရင်ခံစာများကို ဥပဒေပြုအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့များသို့ ပေးပို့ခြင်း၊

(ဃ) အယူခံမှုများကို ကြားနာဆုံးဖြတ်ခြင်း၊ ရှေ့တော်သွင်းစာချွန်တော်များ တင်သွင်းခြင်းကို လက်ခံခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီဆိုသော ကိစ္စရပ်များကို ဆုံးဖြတ် ခြင်း

(စ) အပြီးသတ်စီရင်ချက်များကို ကြားနာခြင်း

(ဆ) ဖမ်းဆီးခြင်းနှင့်ထိန်းသိမ်းခြင်းများကို ကြပ်မတ်ခြင်း

(ဇ) အုပ်ချုပ်ရေးအာဏာနှင့် ပြည်နယ်အစိုးရများအကြားနှင့် အဆိုပါအစိုးရများနှင့် မြူနီစီပယ်များအကြားဖြစ်ပွားသော အငြင်းပွားမှုများကို ဆုံးဖြတ်ပေးခြင်း

(ဈ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများက ပေးအပ်သော အခြားသောတာဝန်နှင့် လုပ်ငန်းတာဝန်ဟု ပြဋ္ဌာန်းထားပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့**

၃၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို သီးခြားဖွဲ့စည်းတည်ထောင်ထားရှိခြင်း မရှိဘဲ တရားလွှတ်တော်ချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအမှုကိစ္စများ ပေါ်ပေါက်လာပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကို ကြားနာရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့ကို ဖွဲ့စည်းသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့ကို အဖွဲ့ဝင်မည်မျှပါဝင်ဖွဲ့စည်းရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိဘဲ တရားလွှတ်တော်ချုပ်တရားသူကြီး (၉) ဦးအား အဖွဲ့ခွဲ၍ တစ်ဖွဲ့လျှင် အဖွဲ့ဝင် (၃) ဦးဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ တရားမ၊ ကုန်သွယ်မှုနှင့်ဆိုင်သောကိစ္စရပ်များကိုလည်းကောင်း၊ ပြစ်မှုဆိုင်ရာအမှုများကိုလည်းကောင်း ကြားနာစစ်ဆေးပါသည်။

၃၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၆၀ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ – ဥပဒေများနှင့် စာချုပ်စာတမ်းများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့် အပြီးသတ်ဆုံးဖြတ်ချက်နှင့် ကြားဖြတ်စီရင်ချက်များကို ပယ်ဖျက်ခြင်း စသည်တို့ဖြစ်သည်။

## စစ်ဘက်ဆိုင်ရာခုံရုံးများ

၃၄။ စစ်ဘက်ဆိုင်ရာခုံရုံးများသည် တပ်မတော်သားများက တာဝန်ထမ်းဆောင်ချိန်တွင် ဥပဒေနှင့်အညီ သတ်မှတ်ထားသော စစ်တပ်၏ထူးခြားသော တားမြစ်ချက်အား ချိုးဖောက်မှုများနှင့် ပြစ်မှုများအတွက်သာ စီရင်ဆုံးဖြတ်ပါသည်။ စစ်ဘက်ဆိုင်ရာခုံရုံးများ၏ ဆုံးဖြတ်ချက်များကို နယ်ဘက်တရားရုံးရှေ့သို့ အယူခံဝင်နိုင်ပါသည်။

၃၅။ နယ်ဘက်နှင့်သက်ဆိုင်သော ပြစ်မှုများနှင့် စစ်ဘက်ဆိုင်ရာပြစ်မှုနှစ်ရပ်လုံးကို ကျူးလွန်သည့် တပ်မတော်သားအား ပြစ်ဒဏ်ချမှတ်သည့်အခါ ထိုတပ်မတော်သားက စစ်ဘက်တာဝန်ဝတ္တရားများကို ဆောင်ရွက်နေချိန်တွင် ကျူးလွန်ခဲ့ခြင်းမရှိပါက စစ်ဘက်ဆိုင်ရာပြစ်မှုအဖြစ် သတ်မှတ်မယူဆနိုင်ပါ။ နယ်ဘက်ဆိုင်ရာပြစ်မှု သို့မဟုတ် စစ်ဘက်ဆိုင်ရာပြစ်မှု မည်သည့်ပြစ်မှုဖြစ်သည်ကို သံသယရှိသည့်အခါတွင် နယ်ဘက်ပြစ်မှုအဖြစ် သတ်မှတ်ရပါမည်။ နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခ (International Armed Confict) ဖြစ်ပွားနေချိန်တွင် စစ်ဘက်ဆိုင်ရာခုံရုံးများသည် အရပ်သားများနှင့် အငြိမ်းစားတပ်မတော်သားများအပေါ်တွင်လည်း ဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ရှိသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၇၄ တွင် ပြဋ္ဌာန်းထားပါသည်။

## တရားသူကြီးများကောင်စီ

၃၆။ တရားသူကြီးများကောင်စီကို တရားလွှတ်တော်ချုပ်တရားသူကြီး (၁) ဦး၊ အုပ်ချုပ်ရေးအဖွဲ့၏ ကိုယ်စားလှယ် (၁) ဦး၊ အထက်လွှတ်တော်ကိုယ်စားလှယ် (၁) ဦး၊ အောက်လွှတ်တော်ကိုယ်စားလှယ် (၁) ဦး၊ လိုင်စင်ရရှေ့နေ (၂) ဦး၊ အမျိုးသားတက္ကသိုလ်မှ ဥပဒေပါမောက္ခ (၁) ဦးနှင့် ပုဂ္ဂလိကတက္ကသိုလ်များတွင် အနည်းဆုံး ၂၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဥပဒေပါမောက္ခ (၁) ဦးတို့ စုစုပေါင်း အဖွဲ့ဝင် (၈) ဦးဖြင့် ဖွဲ့စည်းထားသည်။ တရားလွှတ်တော်ချုပ်တွင် တရားသူကြီးများလစ်လပ်ပါက တရားသူကြီးများကောင်စီက တရားသူကြီး (၃) ဦး၏ အမည်စာရင်းကို အထက်လွှတ်တော်သို့ တင်သွင်းရသည်။ ထို့နောက် တရားသူကြီး (၁) ဦးကို အုပ်ချုပ်ရေးအဖွဲ့က ခန့်အပ်ရမည်။

**တရားသူကြီးများကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၃၇။ တရားသူကြီးများကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ –

(က) တရားလွှတ်တော်ချုပ်တရားသူကြီးများ ခန့်အပ်ရန် ကိုယ်စားလှယ် (၃) ဦး၏ အမည်စာရင်းအား အဆိုပြုချက်ကို အထက်လွှတ်တော်သို့ပေးပို့ခြင်း၊

(ခ) လက်အောက်ခံခုံရုံး တရားသူကြီးများ၊ အစိုးရရှေ့နေများ၏ ရာထူးအတွက် ကိုယ်စားလှယ်အမည်စာရင်းကို တပြေးညီရွေးချယ်ရန်နှင့် တပြေးညီစံတန်ဖိုးများထားရှိ၍ အဆိုပြုပေးပို့ခြင်း၊

(ဂ) ကောင်စီ၏စည်းမျဉ်းစည်းကမ်းများအသေးစိတ်ရေးဆွဲပြဋ္ဌာန်းခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများက ပေးအပ်သော အခြားသောတာဝန်နှင့် လုပ်ငန်းတာဝန်တို့ဖြစ်ပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ခြင်း**

၃၈။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၈၉ အရ နိုင်ငံတော်သမ္မတကသော်လည်းကောင်း၊ အထက်လွှတ်တော် သို့မဟုတ် အောက်လွှတ်တော် ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကသော်လည်းကောင်း၊ မဲဆန္ဒရှင်ဦးရေ ၃၀၀၀၀ ကသော်လည်းကောင်း လက်မှတ်ရေးထိုးတင်သွင်းသောလျှောက်လွှာဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲရန် အဆိုတင်သွင်းနိုင်သည်။ အဆိုကို စတင်တင်သွင်းသည့်လွှတ်တော်၏ အများစုဆန္ဒမဲဖြင့် အတည်ပြုပြီးနောက် အခြားလွှတ်တော်က ပြန်လည်သုံးသပ်ရမည်။ ၎င်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍အတည်ပြုရမည်။ ထို့နောက် လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များ၏ ၃ ပုံ ၂ ပုံသော ဆန္ဒမဲဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်း ကြေညာနိုင်သည်။ ယင်းနောက် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းအရေအတွက်ထက်မပိုသော အရေအတွက်ရှိသည့် တိုင်းပြုပြည်ပြုလွှတ်တော်တစ်ရပ်ကို ရွေးကောက်ဖွဲ့စည်း၍ ထိုတိုင်းပြုပြည်ပြုလွှတ်တော်က သဘောတူအတည်ပြုပြီးသည့်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို အလိုအလျောက် ထုတ်ပြန်ကြေညာပြဋ္ဌာန်းပြီးဖြစ် လာသည်။

**နိဂုံး**

၃၉။ ပါရာဂွေးနိုင်ငံသည် Civil Law System စနစ်ကို ကျင့်သုံးသည့် တစ်ပြည်ထောင်နိုင်ငံဖြစ်ပါသည်။ ပါရာဂွေးနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို သီးခြားဖွဲ့စည်းတည်ထောင်ထားရှိခြင်းမရှိဘဲ တရားလွှတ်တော်ချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအမှုကိစ္စ ပေါ်ပေါက်လာမှသာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့

(Constitutional Chamber) ကို ဖွဲ့၍ ကြားနာစစ်ဆေးပါသည်။ ဥပမာအနေဖြင့်– ဟွန်ဒူးရပ်စ်နိုင်ငံ၊ နီကာရာဂွာ (Nicaragua) ကဲ့သို့ဖြစ်ပါသည်။ ပါရာဂွေးနိုင်ငံတွင် တရားလွှတ်တော်ချုပ်ကို အဖွဲ့ဝင် (၉) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့ကို အဖွဲ့ဝင်မည်မျှပါဝင် ဖွဲ့စည်းရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိဘဲ တရားလွှတ်တော်ချုပ်တရားသူကြီး (၉) ဦးအား အဖွဲ့ခွဲ၍ တစ်ဖွဲ့လျှင် အဖွဲ့ဝင် (၃) ဦးဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ တရားမ၊ ကုန်သွယ်မှုနှင့်ဆိုင်သော ကိစ္စရပ်များကိုလည်းကောင်း၊ ပြစ်မှုဆိုင်ရာအမှုများကိုလည်းကောင်း ကြားနာစစ်ဆေးသည်ဟု လေ့လာတွေ့ရှိရပါသည်။ ပါရာဂွေးနိုင်ငံ တရားလွှတ်တော်ချုပ်တရားသူကြီးများ၏ သက်တမ်းမှာ ၅ နှစ်ဖြစ်ပြီး သက်တမ်း (၂) ကြိမ် တာဝန်ထမ်းဆောင်ခွင့်ရှိပါသည်။ ပါရာဂွေးနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## ရည်ညွှန်းကိုးကားချက်များ

၁။ ပါရာဂွေးသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

၂။ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန် အတွဲ (၂)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ၂၀၂၁ ခုနှစ်

၃။ Constitutions of the World, ROBERT L. MADDEX, SECOND EDITION

၄။ Encyclopedia of World Constitutions, Edited by Gerhard Robbers.

၅။ Supreme Court Of Justice Of Paraguay (Story – Structure) - WorldPedia

၆။ A Guide to the Legal System and Legal Research in Paraguay - GlobaLex (nyulawglobal.org)

၇။ https://www.bing.com/images/search?view=detailV2&ccid=C%2bZcwfZo&id

၈။ List of heads of state of Paraguay - Wikipedia

၉။ Constitution of Paraguay - Wikipedia